## (၄) ဆွန်ဃ အင်ပါယာ (ဘီစီ ၂ –၁ ရာစု)

အာသောကမင်းကွယ်လွန်ပြီး နှစ်ပေါင်း (၅၀) ခန့်အကြာ ဘီစီ ၁၈၅–၁၇၃ တွင် ဆွန်ဃမင်းဆက်ကို ထူထောင် ခဲ့သည်။ မောရိယမင်းဆက်၏ နောက်ဆုံးဖြစ်သော ဘုရင် **ဘဟာဒြာတ** လုပ်ကြံခံရပြီး စစ်သူကြီးချုပ် **ပုစယျ မေတ္တ** ဆွန်ဃသည် ထီးနန်းကို ရယူခဲ့ပေသည်။ အာသောက ယတန ကဲ့သို့သော ဗုဒ္ဓဘာသာရေး စာပေများက (မြန်မာ ရေးရိုးဝါဒီ) ပုစယျမေတ္တသည် ဗုဒ္ဓဘာသာဝင်တို့အား လိုလားခြင်း မရှိဘဲ ဗုဒ္ဓသာသနာအား နှိပ်စက် ကလူပြုသည်ဟု ရေးသားမှုများ ရှိပေသည်။ ဗုဒ္ဓဘာသာများက သူသည် ဘုန်းကြီးကျောင်းများကို ဖျက်ဆီး လျှက် ရဟန်းသာမနေများကို သတ်ဖြတ်ခဲ့သည်ဟု ရေးသားခဲ့ပေသည်။ အာသောကမင်း တည်ဆောက်ခဲ့သော ဗုဒ္ဓ ဌာပနာတိုက် (စေတီ) ၈၄၀၀၀ အား ဖျက်ဆီးခဲ့၍ (အရ် ထက်ပါး)၊ ဗုဒ္ဓရဟန်းတစ်ပါးစီ၏ ခေါင်းတစ်လုံး အတွက် ရွှေဒင်္ဂါး ၁၀၀ ဆုငွေထုတ်ခဲ့သည် ဟူ၏။ ထပ်ပေါင်း၍ ဗုဒ္ဓမှတ်တမ်းများအရ နာလန်ဒါ ဗုဒ္ဓဂါယာ၊ ဆာနတ်၊ မထုရာ ကဲ့သို့သော မြောက်များစွာသော ဘုန်ကြီးကျောင်းမြေ (ဝိဟာရ) များသည် ဟိန္ဒူဘုရား ကျောင်းများ အဖြစ် အသွင်ပြောင်းခဲ့ရလေသည် ဟူ၏။

အချို့ကလည်း ဗုဒ္ဓဝါဒအား ကျောထောက်နောက်ခံပြုခဲ့သည့် အာသောကမင်း၏ နောက်ပိုင်း၊ ဆွန်ဃလက် အောက်တွင် ဗုဒ္ဓဘာသာ၏ အခြေအနေမှာ ကျဆုံးလျှက် အကျပ်တည်းဆုံး အချိန်ဖြစ်သည်မှာ ဖြစ်နိုင်ချေ ရှိပေ၏။ သို့သော် နှိပ်ကွပ်မှုများကိုကား မှတ်ချက် ချန်ထားသည်ကို မတွေ့ရဟု ဆို၏။ **အီတိန်း လမ်မွတ်**၏ ဗလ့ လာ သုံးသပ်ချက်၌ "အထောက်အထားများအရ စီရင်ချက်ချလျှင် သက်သေအထောက်အထား အဆက်ပြတ်မှု ကြောင့် **ပုစယျမေတ္တ**သည် အပြစ်မှ လွတ်ကင်းရမည်ပင်" ဟုဖြစ်၏။ အခြားသော ဩဇာတက္ကိမ ကြီးသော သမိုင်း ပညာရှင် **ရိုမီလာသတ်ပါ**က တူးဖေါ်ရရှိမှု အထောက်အထားများကို ထောက်ပြလျှက် ဤသို့အကွဲအလွဲ (**ပုစယျမေတ္တ**အား အယူသီး ဗုဒ္ဓဘာသာ ဆန့်ကျင်ရေးသမားဟု ပြောဆိုမှု) ကို ထင်မြင်ချက် ပေးရာ၌ ဗုဒ္ဓ ဘာသာ လက်ရာများ ဖြစ်သည့် စေတီပေါင်း ၈၄၀၀၀ အား မည့်သည့်အခါကမှ လက်တွေ့အားဖြင့် ဖျက်ဆီး ခဲ့ခြင်း မရှိဟု ဖြစ်၍။ **သတ်ပါ**က စိတ်မသက်မသာဖြင့် ဗုဒ္ဓဘာသာတို့၏ ပြောဆိုမှုသည် **ပုစယျမေတ္တ**၏ မောရိယအား တိုက်ခိုက်ခဲ့မှု နှင့် ဆွန်ဃမင်း ဆက်အနေဖြင့် ဗုဒ္ဓဘာသာအား အရေးကြီးသော အခန်းကဏ္ဍမှ မထားခဲ့ခြင်းအပေါ် စိတ်ပျက်လျှက် ပုံဆောင် တင်ပြမှု လေးနက်စေရန် အသားပေး ချဲ့ကားခဲ့ဟန် ရှိသည်ဟု ဆို ပေသည်။ ဤကာလာများ အတွင်း ဗုဒ္ဓရဟန်းတော်များသည် ဂင်္ဂါမြစ်ဝှမ်းဒေအား စွန့်ခွာခဲ့ကြသည်။ နောက် ပိုင်းတွင် မြောက်ပိုင်းသို့ ဦးတည်သည့် (ဥတ္တရပါသ) သို့မဟုတ် တောင်ဘက်ပိုင်း (ဒက်ဆင်နပါသ) ဒေသများမှပါ စွန့်ခွာခဲ့ ကြလျှက် ရှေးဟောင်း မာဂဓ နယ်နိမိတ်တွင် ဗုဒ္ဓလက်ရာများ ဖန်းတီးမှုများမှာ မှေးမှိန်ရပ်စဲလာကာ အနောက်မြောက် ပိုင်းဒေသ ဂန္ဓရ နှင့် မထုရာဒေသများ၊ အရှေ့တောင်ပိုင်း အမရဝတီ နယ်ပယ်များတွင် ပြန် လည် နေရာယူ လာခဲ့ပေသည်။ ဆွန်ဃမင်းဆက် အာဏာသက်ရောက်ခြင်း ရှိမရှိ မသေချာသော အိန္ဒိပြည် အလယ်ပိုင်း ဘရ်ဟုတ် ကဲ့သို့ အချို့ ဒေသများတွင်လည်း အချို့သော ဗုဒ္ဓလက်ရာများကို တွေ့ရပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com